
# အဆုတ်ရောဂါအကြောင်း သိကောင်းစရာ

☆ မိမိနိုင်ငံမှထွက်ခွာလာပြီး ဘာသာစကားနှင့်ဓလေ့ထုံးစံမတူသောဒေသတွင် စိတ်ဖိစီးမှုကိုအနည်းနှင့် အများခံစားရမည်ဟုထင်ပါသည်။စိတ်ဖိစီးမှုသည် ကိုယ်ခံအားကိုလျော့ပါးစေပြီး ကိုယ်ခံအားလျော့ပါးပါက အဆုတ်ရောဂါဖြစ်နိုင်သည့်ရာခိုင်နှုန်း မြင့်မားလာမည်ဖြစ်သည်။ နေထိုင်မကောင်းဖြစ်ပါက ဖုံးကွယ်၊ ဟန်ဆောင်ခြင်းမရှိပဲ စီမံကြီးကြပ်သည့်အဖွဲ့အစည်း သို့မဟုတ် သုတေသနဌာနရှိ ဝန်ထမ်းများထံသို့ ဆွေးနွေးတိုင်ပင်နိုင်ပါသည်။

## နိုင်ငံခြားသား အဆုတ်ရောဂါဝေဒနာရှင်များ၏အခြေအနေ




✓ အာရှနိုင်ငံသားများကအများစုဖြစ်ကြသည်။

အရှေ့တောင်အာရှသည် လူတသိန်းလျှင် ၁၀၀ မှ ၃၀၀ အတွင်းအဆုတ်ရောဂါကူးစက်သူရှိနေသော ကူးစက်နှုန်းမြင့်မားသောနိုင်ငံ ဒေသများဖြစ်သည်။

✓ ငယ်ရွယ်သူများတွင်ဖြစ်ပွားမှုနှုန်းမြင့်မား

နိုင်ငံခြားသားအဆုတ်ရောဂါလူနာအသစ်စာရင်းတွင် **၅၀%** ခန့်မှာ အသက် **၂၀ မှ ၂၉** နှစ်အတွင်းဖြစ်သောကြောင့် ငယ်ရွယ်သူများပြားသည်။

✓ ဂျပန်နိုင်ငံသို့ဝင်ရောက်လာပြီးနှစ်အနည်းငယ်အတွင်းရောဂါဖြစ်ပွားကြသည်။

အသက်နှစ်ဆယ်အောက်ငယ်ရွယ်သူများတွင် တဝက်ကျော်က ဂျပန်နိုင်ငံသို့ဝင်ရောက်လာပြီး ငါးနှစ်အတွင်း အဆုတ်ရောဂါစတင်ဖြစ်ပွားကြသည်။

ဂျပန်နိုင်ငံသို့ရောက်ရှိလာပြီးနောက်ပုံမှန် ကျန်းမာရေးစစ်ဆေးမှုခံယူကြပါရန် စောလျှင်စွာ ရောဂါကိုရှာဖွေတွေ့ရှိပြီး စောလျှင်စွာကုသမှုခံယူခြင်းအားဖြင့် ဂျပန်နိုင်ငံတွင်ဆက်လက်၍အလုပ်လုပ်နိုင် မည်ဖြစ်သည်။

## အဆုတ်ရောဂါ ဆိုသည်မှာ

### ကူးစက်

အဆုတ်ရောဂါပိုးကအဆုတ်တွင်းသို့ရောက်ရှိပြီး လူ့ခန္ဓာကိုယ်အတွင်းကျန်ရှစ်ရှိနေသည်။ အခြားသူများအားကူးစက်နိုင်သောအခြေအနေမရှိ

≠

### ရောဂါစတင်ဖြစ်ပွား

အဆုတ်ရောဂါပိုးကြောင့် အဆုတ်ကပုံမှန်မဟုတ်ခြင်း (သို့) ရောဂါလက္ခဏာဖြစ်ပေါ်နေသည့်အခြေအနေ သင့်လျော်သောဆေးဝါးဖြင့်ပျောက်ကင်းအောင်ကုသခြင်း

【အဓိကကျသော ရောဂါလက္ခဏာများ】



ချောင်းဆိုးခြင်း၊



သလိပ်ထွက်ခြင်း၊

ကိုယ်ပူငွေ့ရှိခြင်း၊



အစားအသောက်ပျက်ခြင်း။

【အခြားသောရောဂါလက္ခဏာများ】 ယခုတလော ညအိပ်ချိန်တွင်ချွေးထွက်ခြင်း၊ ကိုယ်အလေးချိန် လျော့လာခြင်း။

◎ထိုကဲ့သို့သောလက္ခဏာများ နှစ်ပါတ်ကျော်ကြာရှိနေပါက သက်ဆိုင်ရာအလုပ်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်ပင် ဆွေးနွေးပါရန်

## ရောဂါကုသခြင်းဆိုင်ရာ

အဆုတ်ရောဂါသည် ဆေးသောက်ကုသခြင်းအားဖြင့်ပျောက်ကင်းနိုင်သော ရောဂါဖြစ်သည်။

◎အဆုတ်ရောဂါဖြစ်ပွားနေသည်ဟုစစ်ဆေးတွေ့ရှိပါကဆေးအမျိုးအစားအနည်းငယ်ကို ခြောက်လမှ ကိုးလကြာအောင် နေ့စဉ်သောက်သုံးရမည်ဖြစ်သည်။
※ရောဂါလက္ခဏာနှင့် အခြေအနေအပေါ်မူတည်၍ ဆေးသောက်ရသည့်ကာလကြာရှည်နိုင်ခြင်းများလည်း ရှိသည်။
◎ဆေးကုသမှုပြီးဆုံးသည်အထိ နေ့စဉ်မပျက်မကွက်ဆေးသောက်ရန်လိုအပ်သည်။

## ဆေးကုသခြင်းဆိုင်ရာကူညီပံ့ပိုးခြင်းစနစ်နှင့်ပတ်သက်၍

◎အဆုတ်ရောဂါကုသမှုခံယူသည့် ကုန်ကျစရိတ်နှင့်ပတ်သက်၍ ကူးစက်ရောဂါဆိုင်ရာ၍ဥပဒေအရ နိုင်ငံနှင့် သက်ဆိုင်ရာနေထိုင်သည့်ဒေသတို့မှ ဆေးကုသစရိတ်ကူညီပံ့ပိုးပေးခြင်းများရှိပါသည်။
◎ဂျပန်ဘာသာနှင့်ရှင်းပြသောအခါတွင် နားလည်ရန်ခက်ခဲပါက လိုအပ်သောအချိန်တွင် စကားပြန်ကိုအသုံးပြုနိုင်ပါသည်၊

## ကာကွယ်ခြင်းဆိုင်ရာ

၁ လိုအပ်သောခန္ဓာကိုယ်လှုပ်ရှားမှု ၂ လုံလောက်သောအိပ်စက်ခြင်း ၃ အဟာရပြည့်ဝအောင်စားသောက်ခြင်း ၄ ဆေးလိပ်မသောက်ခြင်း ၅
အလုပ်ခွင်မှပြုလုပ်သောကျန်းမာရေးစစ်ဆေးခြင်း(ရင်ဘတ်ဓာတ်မှန်ရိုက်ခြင်းအပါအဝင်) တို့ကိုခံယူပါ

**☆ ရောဂါကိုစောစောတွေ့ရှိပြီး၊ လျင်မြန်စွာစစ်ဆေးကုသမှုခံယူခြင်းက အရေးကြီးသည်။**
**☆ပတ်ဝန်းကျင်ရှိလူများကို ကူးစက်နိုင်သည့်အခြေအနေမရှိပါက ဆေးသောက်ကုသမှုကိုခံယူရင်း အလုပ်၊ ကျောင်းသို့သွားရောက်နိုင်သည်။**
**☆ အဆုတ်ရောဂါဖြစ်သည်ဟုဆေးစစ်ချက်ထွက်ပါက ကျန်းမာရေးဌာနမှ ကူညီပံ့ပိုးပေးမည်ဖြစ်သည်။**



引用：結核予防会

大阪府泉佐野保健所作成